# Highlights from DVB Debate's Parenting Show

## May 23, 2015

## "What are new trends in Parenting?"

"ကလေးတွေရဲ ဦးနှောက်ဖွံ့ဖြိုးမှုအရ ၆ နှစ်လောက်မှ ကျောင်းစထားရင် အတော်ပဲ။ ဒါပေမယ့် မိဘတွေရဲ့ လောဘတွေက များတယ်။ ၅ နှစ်မှာကျောင်းစထားချင်တယ်၊ ကျောင်းတတ်တော့လည်း အတန်းထဲမှာ ထိပ်ဆုံးဆိုတာမျိုးဖြစ်စေချင်နေတယ်"

ပါမောက္ခရဲမြင့်ကျော်(ခ) စာရေးဆရာ လကၤာရည်ကျော် - ကလေးအထူးကုဆရာဝန်ကြီး

---

"မိဘပြောသမျှ မှန်တယ်ဆိုတဲ့ ယဉ်ကျေးမှုကလွှမ်းနေတယ်။ ပြန်ပြောလို့မရဘူး။ ကလေးတွေရဲ့အသံကို နားမထောင်ဘူး။ ကလေးတွေဘာဖြစ်ချင်နေလဲ၊ ကလေးတွေအသံပျောက်နေတယ်။ ကြောက်စိတ်ပေးတာခံခဲ့ရတဲ့ ကလေးတွေဟာ လောကကြီးမှာ အံမဝင်တော့ဘူး"

ဦးဖြိုးခိုင်လတ် - လူ့အခွင့်အရေးနဲ့ဒီမိုကရေစီဂျာနယ် အယ်ဒီတာ

---

"လူတဖက်သားက သူလုပ်ချင်တာလုပ်ရဖို့ ဖြစ်ချင်တာဖြစ်ရဖို့ မိဘကနေ ပခုံးမြှင့်တင်ပေးဖို့ လိုတယ်။ မိဘဖြစ်ချင်တာတွေ လုပ်ခိုင်းတာမျိုး မဟုတ်ဘူးနော်. ဒီလို ယဉ်ကျေးမှုမျိုး မြန်မာမိသားစုတွေမှာ သိပ်မတွေ့ရဘူး။"

ဦးကျော်စွာ - လူ့အခွင့်အရေးနဲ့ဒီမိုကရေစီဂျာနယ်

---

"စိန်ပြေးတမ်းကစားတာ ဘာမှန်းမသိတဲ့ ၁၀ နှစ်ကျော် ကလေးတယောက်တွေ့ဖူးတယ်။ သူ့မိဘကတော့ သိတယ် သူတို့ကစားခဲ့ဖူးတယ်။ ကလေးတွေဟာ မိဘတွေရဲ့ အတန်းပညာလောဘအားကြီးမှုကြောင့် ၃ နှစ်လောက်ကတည်းက ပညာသင်နေရတယ်"

ပါမောက္ခရဲမြင့်ကျော်(ခ) စာရေးဆရာ လကၤာရည်ကျော် - ကလေးအထူးကုဆရာဝန်ကြီး

---

"ကျမတွေ့ရသလောက် မိဘတွေမှာလည်း ကလေးတွေကိုထိန်းကျောင်းနိုင်ဖို့၊ ခေတ်နဲ့အညီ သူတို့ကို အမှီအုပ်နိုင်ဖို့ ခေတ်သစ်အဌာရသနည်းလမ်းတွေ ရှာနေရတာ ရှိပါတယ်"

ဒေါ်တင်မိုးလွင် - Talents & Models အေဂျင်စီတည်ထောင်သူ

---

"တချို့မိဘတွေရှိတယ် ကျမပြောလိုက်တာနဲ့ ကျမ တိတ်ဆိုတိတ် ဟိတ်ဆိုဟိတ်၊ မျက်လုံးနဲ့တချက်ကြည့်လိုက်တာနဲ့ ကျမကလေးက ငြိမ်းတယ်ပေါ့။ လိမ္မာတယ်ပေါ့။ အမှန်က ဒါဟာ ကလေးရဲ့ ဖန်တီးနိုင်စွမ်းတွေ တွေးတောနိုင်စွမ်းတွေကို ဖိနှိမ်လိုက်သလိုဖြစ်သွားတာ။"

ဒေါ်အေးအေးပြုံး - ပင်ဝါးရုံကလေးစာပေထုတ်ဝေရေး

---

“မိဘနဲ့ သားသမီးဆက်ဆံရေးမှာ ညှိနှိုင်းပြီးနားလည်မှုနဲ့သွားတဲ့ ယဉ်ကျေးမှု ရှိဖို့လိုပါတယ်။ ကြီးမားတဲ့ ကွာဟချက်မရှိအောင် ထိန်းကျောင်းပေးရမယ်။”

ဒေါ်တင်မိုးလွင် - Talents & Models အေဂျင်စီတည်ထောင်သူ

---

“ကိုယ်က စနစ်တကျပြုစုပျိုးထောင်လာခဲ့သမျှ သားသမီးဖြစ်မလာဘူးဆိုတာ အုပ်ထိန်းမှုပုံစံလွဲခဲ့လို့ ကလေးရဲ့ ကံကို ဖိနှိပ်လိုက်သလိုဖြစ်ပြီး ကလေးရဲ့ အနာဂတ်ကံကိုပါ သတ်သလိုဖြစ်တာပါ”

ဦးဖြိုးခိုင်လတ် - လူ့အခွင့်အရေးနဲ့ဒီမိုကရေစီဂျာနယ် အယ်ဒီတာ

---